CBCM ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်
၂၉၂ (က) ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့၊ ၁၁၁၁၁။

**CATHOLIC BISHOPS' CONFERENCE OF MYANMAR (CBCM)**

292 (A) Pyay Road
Sanchaung P.O
YANGON 11111
MYANMAR

G.P.O BOX 1080
(95) - (1) 500398 - Executive Secretary
(95) - (1) 525724 - Procurator
(95) - (1) 525868 - Reception
FAX: (95) - (1) 527198

E-mail: secrcbcm@gmail.com

Ref 046 R/2021

# An Earnest Appeal

*With Special Reference to the attack on the Sacred Heart Church in Kayanthayar near Loikaw in Eastern Myanmar on 23rd May 2021 that killed four and wounded many*

*25th May 2021*

It is with immense sorrow and pain, we record our anguish at the attack on innocent civilians, who sought refuge in Sacred Heart Church, Kayanthayar, Loikaw on 23rd May 2021 night. The violent acts, including continuous shelling, using heavy weaponry on a frightened group of largely women and children, resulted in tragic death of four people and wounding more than eight. The church suffered extensive damage, bearing witness to the intensity of attack on a place of worship. The midnight attack made the hapless people to flee to the jungle. Their fate is still not known to the outside world. Food, medicine and hygiene are urgent needs but there is no way of reaching them. There are many children and old people among them, forced to starve and without any medical aid. This is a great humanitarian tragedy.

We bring to the notice of all, that the places of worship as a cultural property of a community, is covered by International Protocols. Churches, hospitals and schools are protected during conflict through the Hague Conventions. Apart from all Protocols, let us remember the blood that is spilled is not some enemy's blood; those who died and those who were wounded are the citizens of this country. They were not armed; they were inside the church to protect their families. Every heart in this country weeps for the death of the innocent people. Now, hundreds die; thousands become refugees and displaced. More than 20,000 have been displaced in the recent conflict in Loikaw.

This needs to stop. We plead with you all, related organizations, kindly do not escalate the war. Our people are poor, Covid-19 robbed them of their livelihood, starvation stalks millions, the threat of another round of Covid-19 is real. Conflict is a cruel anomaly at this moment. Peace is possible; peace is the only way.

We make this urgent appeal as a group of faith leaders - not as politicians. We are praying for Peace in this great land and hoping all of us can live as brothers and sisters in this great nation.

+ Charles

+ Cardinal Charles Maung Bo, SDB
Archbishop, Catholic Archdiocese of Yangon
President, Catholic Bishops' Conference of Myanmar (CBCM)
President, Federation of Asia Bishops' Conference (FABC)
Patron, Religions for Peace, Myanmar (RfP)
Co-President, Religions for Peace, International (RfP)

Catholic Bishops' Conference of Myanmar * 292 (A), Pyay Road, Yangon * C.B.C.M

CBCM ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်
၂၉၂ (က) ပြည်လမ်း၊ စမ်းချောင်း၊ရန်ကုန်မြို့၊ ၁၁၁၁၁။

CATHOLIC BISHOPS' CONFERENCE OF MYANMAR (CBCM)

292 (A) Pyay Road
Sanchaung P.O
YANGON 11111
MYANMAR

G.P.O BOX 1080
(95) - (1) 500398 - Executive Secretary
(95) - (1) 525724 - Procurator
(95) - (1) 525868 - Reception
FAX: (95) - (1) 527198

E-mail: secrcbcm@gmail.com

Ref ......046...R./2021...

ရက်စွဲ၊ ၂၀၂၁ ခု၊ မေလ ၂၅ ရက်

# အနူးအညွတ်မေတ္တာရပ်ခံခြင်း

**အကြောင်းအရာ။** ။လူ့အသက်၏ ဂုဏ်သိက္ခာနှင့် မြန်မာပြည်တွင်းရှိ အများပြည်သူ ဝတ်ပြုကိုးကွယ်သည့် ဘုရားကျောင်းကန်များနှင့် ဘာသာရေးဆိုင်ရာ ရှိခိုးကိုးကွယ်သောနေရာများ၌ ခိုလှုံနေကြသော ပြည်သူများကို လေးစား တန်ဖိုးထားရန် အားလုံးကို အနူးအညွတ် မေတ္တာရပ်ခံခြင်း

**ရည်ညွှန်းချက်။** ။၂၀၂၁ခုနှစ် မေလ ၂၃ရက်နေ့ည သန်းခေါင်ယံ၌ မြန်မာပြည် အရှေ့ပိုင်း လွိုင်ကော်မြို့အနီး ကယန်းသာယာကျေးရွာရှိ ယေရှုး ရွှေနှလုံးတော်ဘုရားရှိခိုးကျောင်း တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားသော အပြစ်မဲ့ ပြည်သူ ၄ဦးနှင့် ဒဏ်ရာ ရရှိခဲ့သူများကို ရည်ရွယ်သည်။

ကျွန်ုပ်တို့ ပြည်သူများသည် ဆင်းရဲကြပါသည်။ Covid 19 ကပ်ရောဂါကြောင့်လည်း ဘဝရှင်သန်ရေးများ ခက်ခဲကြရပြီး သန်းနှင့် ချီ၍ ငတ်မွတ်ခေါင်းပါးမှုများလည်း ဖြစ်ပေါ်လာကာ အသွင်ပြောင်း Covid ရောဂါသစ်ကလည်း အမှန်တကယ်ပင် ခြိမ်းခြောက်လျက်ရှိပါသည်။ ဤကဲ့သို့ အချိန်မျိုး၌ အချင်းချင်း သဘောထား ကွဲလွဲခြင်းများသည် တိုင်းသူပြည်သားများအတွက် အင်မတန် ဆိုးရွားသော အခြေအနေကို ပိုမို ဖြစ်ပေါ်စေသည်။ ငြိမ်းချမ်းရေးသည် ဖြစ်နိုင်ပါ၏။ ငြိမ်းချမ်းရေးသည်သာ တစ်ခုတည်းသော နည်းလမ်းဖြစ်ပါသည်။

၂၀၂၁ခုနှစ် မေလ ၂၃ရက်နေ့ ညသန်းခေါင်ယံ၌ ဖြစ်ပွားခဲ့သော လွိုင်ကော်မြို့အနီး ကယန်းသာယာကျေးရွာရှိ ယေရှုး ရွှေနှလုံးတော်ဘုရားရှိခိုးကျောင်း၌ ခိုလှုံနေကြသော အမျိုးသမီးနှင့် ကလေးအများစု အပါအဝင် လူအုပ်ကြီးထဲသို့ ဗုံးများ၊ လက်နက်ကြီးများဖြင့် စဉ်ဆက်မပြတ် တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ ပြည်သူ ၄ဦး သေဆုံးခဲ့ပြီး ၈ဦးထက် မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

၎င်းပြည်သူတို့သည် လက်နက်မကိုင်ဆွဲထားကြပါ။ မိမိ၏ မိသားစုကို ကာကွယ်ရန် အတွက်သာ ဘုရားကျောင်းအတွင်း၌ ခိုလှုံနေခဲ့ကြခြင်းဖြစ်သည်။ မြေကျခဲ့ရသော သွေးများသည် ရန်သူတို့၏ သွေးမဟုတ်ဘဲ သေဆုံးထိခိုက် ဒဏ်ရာရကြသော ကျွန်ုပ်တို့ မြန်မာပြည်သူပြည်သား ညီအစ်ကို တိုင်းရင်းသားများ၏

သွေးများဖြစ်ကြောင်းကို အထူးပင် သတိပြုကြပါစို့။ အပြစ်မဲ့ ပြည်သူတို့၏ သေဆုံးရခြင်းအတွက် ကျွန်ုပ်တို့ ပြည်သူပြည်သားများ၏ နှလုံးသားများ၌ ပူဆွေးငိုကြွေးကြရပါသည်။

၎င်းညသ သန်းခေါင်ယံ တိုက်ခိုက်မှုကြောင့် အကူအညီမဲ့နေသော လူအုပ်ကြီးသည် တောကြီးမြက်မဲထဲသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြရပါသည်။ လွိုင်ကော် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော လတ်တလော အရေးအခင်းကြောင့် စစ်ပြေးရှောင် ၂၀,၀၀၀ကျော် ရှိနေကြောင်း သိရှိရပါသည်။ ၎င်းတို့၏ ဒုက္ခ ကံကြမ္မာကို ပြင်ပ ကမ္ဘာသည် မသိရှိသေးပါ။ အစားအသောက်၊ ဆေးဝါးနှင့် တကိုယ်ရည်သုံး ပစ္စည်းများ လိုအပ်လျှက် ရှိကြောင်း သိရပါသည်။ များစွာသော သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များသည် ကျန်းမာရေး အထောက်အကူ ပစ္စည်းများ ချို့တဲ့ခြင်းနှင့် ဝတ်မွတ်ခေါင်းပါးခြင်း ဒဏ်ကို ခံစားနေရပါသည်။ ဤသည်မှာ အပြစ်မဲ့ ပြည်သူတို့ တွေ့ကြုံနေရသော အင်မတန် ဝမ်းနည်း ကြေကွဲဖွယ်ရာ အဖြစ်ဆိုးကြီးပင် ဖြစ်ပါသည်။

ဘုရားကျောင်း၏ အလွန်အမင်း ပျက်ဆီးမှုကို ထောက်ခြင်းအားဖြင့် ဘုရားဝတ်ပြုကိုးကွယ်ရာ နေရာကို တိုက်ခိုက်မှုသည် အင်မတန် ပြင်းထန်ကြောင်းကို တွေ့မြင်နိုင်ပါသည်။ ဘာသာရေးဆိုင်ရာ ရှိခိုးကိုးကွယ်သောနေရာများသည် ယဉ်ကျေးမှု ထုံးစံအရ အများပြည်သူတို့နှင့် သက်ဆိုင်ရာနေရာများဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်များ ဖြင့်လည်း အကာအကွယ်ပေးရသော အဆောက်အအုံများလည်း ဖြစ်ပါသည်။ The Hague Conventions အရလည်း ဘာသာရေးဆိုင်ရာ ရှိခိုးကိုးကွယ်သောနေရာများ၊ ဆေးရုံများ၊ စာသင်ကျောင်းများသည် အကာအကွယ်ရရှိပြီး လုံခြုံသော နေရာများအဖြစ် သတ်မှတ်ခံထားရသည်ကို ကျွန်ုပ်တို့ အားလုံး သတိပြုရန် လိုအပ်ပါသည်။

ယခု အခြေအနေတွင် ရာနှင့် ချီ၍ သေဆုံးကြရပြီး ထောင်သောင်းချီ၍ စစ်ပြေးရှောင် ဒုက္ခသည်များ ဘဝသို့ ရောက်ရှိနေကြသူများလည်း ရှိပါသည်။ အလားတူ အဖြစ်အပျက်များ ရပ်တန့်ရန် အထူးပင် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများအား စစ်ပွဲများ အမြန်ဆုံး ရပ်တန့်နိုင်ရေးအတွက် အထူးပင် မေတ္တာရပ်ခံပါသည်။

ကျွန်ုပ်တို့သည် ဤအရေးပေါ် မေတ္တာရပ်ခံမှုကို နိုင်ငံရေးသမားများ အနေဖြင့် မဟုတ်ဘဲ ဘာသာရေး ခေါင်းဆောင်များ အနေဖြင့်သာ မေတ္တာရပ်ခံခြင်းဖြစ်ပါသည်။ ကြီးမြတ်သော အမိမြန်မာပြည်ကြီး၌ ငြိမ်းချမ်းရေးများနှင့် ပြည့်ဝစေရန် ကျွန်ုပ်တို့ ဆုတောင်းပေးလျှက်ရှိပြီး ညီရင်းအစ်ကို မောင်နှမစိတ်ဓါတ်များဖြင့် အတူတကွ စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရေးကိုလည်း ကျွန်ုပ်တို့ မျှော်လင့်လျှက်ရှိပါသည်။

+

ကာဒီနယ် ချားလ်စ် မောင်ဘို (SDB)
ဂိုဏ်းချုပ်ဆရာတော်ကြီး၊ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ
ဥက္ကဋ္ဌ ဆရာတော်ကြီး၊ မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ် (CBCM)
ဥက္ကဋ္ဌ ဆရာတော်ကြီး၊ အာရှတိုက်ဆိုင်ရာကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ် (FABC)
နာယက၊ မြန်မာနိုင်ငံရှိ ငြိမ်းချမ်းမေတ္တာအဖွဲ့၊ (RfP, Myanmar)
ပူးတွဲ ဥက္ကဋ္ဌ၊ နိုင်ငံတကာ ငြိမ်းချမ်းမေတ္တာအဖွဲ့၊ (RfP, International)